
## ရှိုဇူအိုကာမြို့တွင် စာသင်ခြင်း

ဂျပန်နိုင်ငံ၏ သင်္ကေတတစ်ခုဖြစ်သော ခံ့ညားထည်ဝါသည့် ဖူဂျီတောင်က အုပ်မိုးထားသည့် ရှိုဇူအိုကာမြို့သည် တိုကျိုမြို့နှင့် အိုဆာကာမြို့နှစ်ခုကြား နီးကပ်စွာ တည်ရှိပါသည်။ ဆူဇူကီး၊ ယာမဟာနှင့် ဟွန်ဒါကဲ့သို့ နိုင်ငံတကာ ကော်ပိုရေးရှင်းများစွာ အခြေစိုက်တည်ရှိရာ ရှိုဇူအိုကာမြို့သည် အထူးကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းများ၊ မြို့တော်ကြီးအဂ်ါရပ်နှင့် ပြည့်မီသည့် အဆောက်အအုံများနှင့် ဝန်ဆောင်မှုများဖြင့် ငွေကြေးအရ တတ်နိုင်သော၊ နေပျော်မှုရှိပြီး ရင်းနီးဖော်ရွေသော ဒေသပတ်ဝန်းကျင်တစ်ခုကို သင့်အား ပေးပါသည်။








## တက္ကသိုလ် အဆောင်

တက္ကသိုလ်သည် နိုင်ငံတကာကျောင်းသားအားလုံး အတွက် တန်ဖိုးသင့်တင့်သော နေစရာအဆောက်ကို ပံ့ပိုးပေးပါသည်။
လစဉ်အဆောင်ငှားရမ်းခမှာ ဂျပန်ယန်းငွေ 20,000 ခန့်ဖြစ်သည်။ အဆောင်တိုင်းတွင် WiFi / မြန်နှုန်းမြင့် အင်တာနက် သုံးစွဲခွင့် ရရှိ နိုင်ပါမည်။



ရှိုဇူအိုကာမြို့နှင့် ဟာမမဆုမြို့တွင် 2016 ခုနှစ် မတ်လ၌ တည်ဆောက်ခဲ့သော "နိုင်ငံတကာကျောင်းသားများအတွက် တက္ကသိုလ်အဆောင်" ပုံများ။ အဆောင်တစ်ခုစီတွင် သီးသန့်အခန်း 5 ခန်းနှင့် မျှဝေသုံးနိုင်သော အများဆိုင်ဧရိယာတစ်ခု ပါဝင်သည်။

## ABP ကျောင်းသားမှ ပြောကြားချက်



**အေးနှင်းပွင့်အောင်** (ဆူဇူကီး မော်တာ ကော်ပိုရေးရှင်း / ဂျပန်)

Master of Informatics, Department of Informatics, SHIZUOKA UNIVERSITY, 2016.
Bachelor of Informatics, Department of Information Arts, SHIZUOKA UNIVERSITY, 2014.
Bachelor of Arts (Japanese),YANGON UNIVERSITY OF FOREIGN LANGUAGES, 2007.
(Home Town) Yangon, Myanmar

ကျွန်မကရှိုဇူအိုကာတက္ကသိုလ်ကိုရွေးချယ်ခဲ့တာကတော့ဝိဇာတွဲကျောင်းဝင်ခွင့်စာမေးပွဲဖြေပြီး သိပ္ပံတွဲဘာသာရပ်ဖြစ်သောကွန်ပြူတာနည်းပညာသစ်ကိုသင်ယူနိုင်ခြင်းကြောင့်ဖြစ်ပါတယ်။ ကျောင်းစာအပိုင်းမှာတော့တက္ကသိုလ်တတိယနှစ်မှစပြီး မာစတာဘွဲ့ပြီးတဲ့အထိကွန်ပြူတာနည်းပညာသစ်ကိုဆေးရုံမှာဘယ်လိုအသုံးချရမယ်ဆိုတာနဲ့ ပတ်သတ်ပြီးဆေးရုံမှ နာမည်ကြီးဆရာဝန်များနဲ့အတူ သုတေသနကိုပြုလုပ်ခဲ့ပါတယ်။ကျောင်းရဲ့ထောက်ပံ့ပေးမှုကြောင့် ဂျပန်နိုင်ငံတွင်းသာမက အမေရိကန်နိုင်ငံအထိပါသွားရောက်၍ မိမိရဲ့သုတေသနရာဖွေတွေ့ရှိမှုကို တင်ပြနိုင်ပြီး ဆုလည်းရ ခဲ့ဖူးပါတယ်။ ကျောင်းသူကျောင်းသားများ စိတ်ချလက်ချ ပညာသင်ယူနိုင်ဖို့အတွက် ကျောင်းစရိတ်ထောက်ပံ့မှုနှင့် ပညာတော်သင်ကြေး ရယူနိုင်သောအခွင့်အရေးများကိုလည်းကျောင်းကစီစဉ်ပေးထားပါတယ်။
ကျောင်းချိန်ပြင်ပတွင်လည်း မိမိဝါသနာပါတဲ့ ကျောင်းအသင်းအဖွဲ့တွေမှာ ပါဝင်နိုင်ရုံသာမက ကိုယ်တိုင်ပြုလုပ်ချင်သော အသင်းအဖွဲ့အသစ်များကိုလည်း ဖွဲ့စည်းလုပ်ဆောင်နိုင်ပါတယ်။ ဘွဲ့ရပြီးနောက်နာမည်ကြီးကုမ္ပဏီများမှာအလုပ်ရနိုင်တဲ့အခွင့်အလမ်းတွေလည်းအများကြီး ရှိပါတယ်။ကျွန်မသည် ယခုနိုင်ငံအနှံ့အပြားမှာလုပ်ကြိုက်များသောဆူဇူကီးကားကုမ္ပဏီမှာအလုပ်လုပ်နေပါတယ်။


**ကျွန်ုပ်တို့ကို ဆက်သွယ်ပါ**

ABP ဝဘ်ဆိုက်- http://www.abp.icsu.shizuoka.ac.jp
Facebook- https://www.facebook.com/abp.shizuoka.u
အီးမေးလ်- global@adb.shizuoka.ac.jp
ဂျပန်ဘာသာနှင့် အင်္ဂလိပ်ဘာသာစကားများ သုံး၍သာ စာရေးသားနိုင်သည်။
ရှိုဇူအိုကာ တက္ကသိုလ်, နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်း

National University Corporation
Shizuoka University
836 Ohya, Suruga-ku, Shizuoka-shi, Shizuoka 422-8529, Japan


2019.5 ဂျပန်ဘာသာဖြင့် ပုံနှိပ်ထုတ်ထားသည်

ဘွဲ့ဒီဂရီ ပရိုဂရမ်

ABP ASIA BRIDGE PROGRAM Shizuoka University

# Shizuoka University ASIA BRIDGE PROGRAM

# အခမဲ့ ပညာလေ့လာသင်ယူပါ

## ပညာသင်ထောက်ပံ့ကြေးဖြင့် ရှိုဇူအိုကာတက္ကသိုလ်သို့





- 100% ကျောင်းလခ ပံ့ပိုးမှုနှင့် ABP ပညာသင်ဆု
- သင့်နိုင်ငံနှင့် ဂျပန်နိုင်ငံရှိ ဝင်ခွင့်စစ်ဆေးမှု စနစ်
- အောက်တိုဘာ ကျောင်းဝင်ခွင့်နှင့် အချိန်တိုအတွင်း တတ်မြောက်အောင် သင်ကြားပေးသော ဂျပန်စာ သင်ရိုးများ
- ဂျပန်ကုမ္ပဏီများတွင် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် ရရှိရေးအကူအညီ

# Asia Bridge Program

## ယနေ့ ရှိုက္ကာမှ နောင်အနာဂတ် ကမ္ဘာ့အဆင့်သို့

Asia Bridge Program (ABP) သည် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံများမှ ကျောင်းသားများအတွက် တစ်မူထူးခြားသော လုပ်ငန်းနှင့် ပညာရပ်သင်ကြားမှု နယ်ပယ် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြစ်သည်။ ဤပရိုဂရမ်သည် ရှိုက္ကာမြို့တွင် အခြေစိုက်သော နိုင်ငံတကာ ကော်ပိုရေးရှင်းများနှင့် အတူ အနီးကပ် ပူးပေါင်းလုပ်ဆောင်လျက် စီးပွားရေးနှင့် လူမှုအသိုင်းအဝိုင်းအတွက် နောင်အနာဂတ်၏ နိုင်ငံတကာ ခေါင်းဆောင်များကို ပညာသင်ကြားပေးရန် ရည်ရွယ်ပါသည်။ သင်ရိုးညွှန်းတမ်းသည် နည်းပညာ ကျွမ်းကျင်မှု၊ စီးပွားရေး အမြင်ရှိမှု၊ သိပ္ပံနည်းကျကျ တွေးခေါ်မှုနှင့် လူအချင်းချင်း ဆက်ဆံရေးစွမ်းရည်များကို ပေါင်းစပ်ထားမှုအပေါ် အလေးထား အာရုံစိုက်ကာ ဘက်စုံ အသိပညာများ ပေးစွမ်းသည့် ပညာရေးကို အသားပေးထားသည်။ ထိုပညာရေးမှတစ်ဆင့် ကျောင်းသားများသည် ရှိုက္ကာနှင့် ၎င်းတို့၏ မိခင်နိုင်ငံများကြား ဆက်ဆံရေးကို တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။

### Asia Bridge Program (ABP) သည် သင့်အတွက် တက္ကသိုလ်ဝင်ခွင့်နှင့် တက္ကသိုလ်နယ်မြေအတွင်း နေထိုင်မှုဘဝမှသည် ဘွဲ့ရပြီးနောက်ပိုင်း သက်မွေးဝမ်းကျောင်း အလုပ်အကိုင်များအထိ ပြီးပြည့်စုံသော အကူအညီကို ပံ့ပိုးပေးပါသည်။




### ABP သည် 4-နှစ်ကြာ အစီအစဉ်တစ်ခုဖြစ်ပြီး အောက်တိုဘာလမှ စတင်သည့် နှစ်ဝက်စာသင်ကာလတွင် အချိန်တိုအတွင်း ဘာသာစကား ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးသည်။

**သင်ရိုးညွှန်းတမ်း** *ABP ဘွဲ့ကြိုသင်ရိုးများသည် ဂျပန်စာ ဘာသာစကား ကျွမ်းကျင်မှုရှိရန် လိုအပ်သည်။

**အောက်တိုဘာ ~ (6 လ) ပထမ စာသင်နှစ်ဝက်**
- အချိန်တိုအတွင်း တတ်မြောက်အောင် သင်ကြားပေးသည့် ဂျပန်ဘာသာစကား သင်ရိုးများ
- ABP အခြေခံ သင်ရိုးများ

**ဧပြီလ ~ (3.5 နှစ်) နောက်ဆက်တွဲ နှစ်ဝက်စာသင်ကာလ ခုနစ်ခု**
- ဂျပန်ဘာသာဖြင့် သင်ကြားပေးသည့် ကျွမ်းကျင်ပညာရေး
- ABP အထွေထွေ သင်ရိုးများနှင့် ကျောင်းသားများ တတ်ကြွစွာ ပါဝင်ဆွေးနွေးနိုင်သည့် လေ့လာမှု သင်ရိုးများ
- ဂျပန်ကုမ္ပဏီများတွင် အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်မှုများ
- ဘွဲ့လွန် သုတေသန ပရောဂျက်များ

## လုပ်ငန်းနှင့် ပညာရပ် သင်ကြားမှုနယ်ပယ် ပူးပေါင်းဆောင်ရွက်မှုနှင့် သက်မွေးဝမ်းကျောင်း အလုပ်အကိုင် ကူညီပံ့ပိုးမှု

တစ်မူထူးခြားသော လုပ်ငန်းနှင့် ပညာရပ်သင်ကြားမှု နယ်ပယ် ပူးပေါင်းဆောင်ရွက်မှု သင်ရိုးညွှန်းတမ်းဖြင့် ကျောင်းသားများကို အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်မှုများ၊ သင်ကြားပို့ချချက်များ၊ ဆွေးနွေးပွဲများနှင့် ကော်ပိုရိတ် စီးပွားရေးလုပ်ငန်း ကျွမ်းကျင်ပညာရှင်များက ကြီးမှူးကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများကဲ့သို့ တက္ကသိုလ်နယ်မြေအတွင်းနှင့် ပြင်ပတွင် လုပ်ဆောင်သည့် ပွဲအစီအစဉ်များစွာမှတစ်ဆင့် နိုင်ငံတကာ ကုမ္ပဏီ များစွာနှင့် ချိတ်ဆက်ပေးသည်။ ကျွန်ုပ်တို့အနေဖြင့် ဘွဲ့ရပြီးနောက်ပိုင်း တိကျသေချာသော အလုပ်အကိုင်လမ်းကြောင်းတစ်ခုကို ချမှတ်ပေးရန် အစီအစဉ်၏ ပထမနှစ်မှစ၍ တစ်ဦးချင်း ဆွေးနွေးလမ်းညွှန်မှုကို လုပ်ဆောင်ပေးပါသည်။

### ကျွန်ုပ်တို့၏ နိုင်ငံတကာ ကျောင်းသားဟောင်းများ အလုပ်လုပ်ကိုင်နေသည့် ကုမ္ပဏီများ

Suzuki, Suzuyo, Yamaha Motor Company, Shizuoka Bank, Asahi Denso, FCC, Toyota Motor, Nissan Motor, Mazda, Panasonic, Toshiba, Sony EMCS, Sharp, Fujitsu, Rohm, NSK Warner, Paloma, Aichi Steel, Daikin Industry, Alps Electric, Chubu International Airport, Futaba Industries, Japan Airport Terminal, JATCO, Ohm Electric, Nitori

## တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် ဌာနများ

### ရှိုက္ကာ တက္ကသိုလ်နယ်မြေ

**လူမှုဘာသာရပ်များနှင့် လူမှုရေးသိပ္ပံ မဟာဌာန**
- Social and Human Studies • Language and Literature
- Law • Economics

**ပညာရေး မဟာဌာန***

**သိပ္ပံဘာသာရပ် မဟာဌာန**
- Mathematics • Physics • Chemistry • Biological Science
- Geoscience

**စိုက်ပျိုးရေး မဟာဌာန**
- Bioresource Sciences • Applied Life Sciences

### ဟာမမဆု တက္ကသိုလ်နယ်မြေ

**အချက်အလက် စီမံဆောင်ရွက်မှု မဟာဌာန**
- Computer Science • Behavior Informatics • Socio-Information Studies

**အင်ဂျင်နီယာဘာသာရပ် မဟာဌာန**
- Mechanical Engineering • Electrical and Electronic Engineering
- Electronics and Materials Science
- Applied Chemistry and Biochemical Engineering
- Mathematical and Systems Engineering

*ရှိုက္ကာ တက္ကသိုလ်၏ လက်ရှိ သင်ရိုးညွှန်းတမ်း စိစစ်တည်းဖြတ်မှုကြောင့် ပညာရေး မဟာဌာနတွင် လက်ခံရန် အရည်အချင်းပြည့်မီမှု အပြောင်းအလဲရှိနိုင်ပါသည်။ ပညာရေး မဟာဌာနတွင် တက်ရောက်ရန် စိတ်ဝင်စားသူ မည်သူမဆိုသည် ကျွန်ုပ်တို့၏ ဝဘ်တွင် တင်ထားသည့် လျှောက်ထားမှု လမ်းညွှန်ချက်များကို ကြည့်ရှုကိုးကားသင့်ပါသည်။

## ABP ပညာသင်ဆုဖြင့် အခမဲ့ စာသင်ကြားပါ

ABP သည် ကျောင်းသားအားလုံးအတွက် ငွေကြေးထောက်ပံ့ပေးပါသည်။ လျှောက်လွှာကြေးနှင့် စာရင်းသွင်းအပ်နှံကြေးများ ကင်းလွတ်ခွင့်အပြင် ပထမနှစ် ကျောင်းလခ အပြည့်အဝကို ကင်းလွတ်ခွင့်ပေးမည်ဖြစ်ကြောင်း အာမခံထားပါသည်။ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်အတွက် ယခင်နှစ်အတွင်း တစ်ဦးချင်းအလိုက် ပညာရေး စွမ်းဆောင်ရည်ဆိုင်ရာ နှစ်စဉ် အကဲဖြတ်ချက်အပေါ် မူတည်၍ ကျောင်းလခ 50% သို့မဟုတ် 100% ကို ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ ပထမနှစ် ကျောင်းသားအားလုံးအတွက် ABP လစဉ် ထောက်ပံ့ကြေးအပြင် အခြားအစိုးရနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ ပံ့ပိုးပေးသည့် ငွေကြေးထောက်ပံ့မှု အခွင့်အရေးများလည်း ရှိပါသည်။

| | လျှောက်လွှာကြေး | စာရင်းသွင်းအပ်နှံကြေး | ကျောင်းလခ |
|---|---|---|---|
| ABP ငွေကြေးထောက်ပံ့မှု | ကင်းလွတ်ခွင့်ရသည် | ကင်းလွတ်ခွင့်ရသည် | ပထမနှစ် - (100%) ကင်းလွတ်ခွင့် ရသည်<br>ဒုတိယနှစ် မှ စတုတ္ထနှစ် အထိ -<br>(50% သို့ မဟုတ် 100%)ကင်းလွတ်ခွင့်ရသည် |
| စုစုပေါင်း ငွေပမာဏ | ဂျပန်ယန်း 17,000 | ဂျပန်ယန်း 282,000 | တစ်နှစ်လျှင် ဂျပန်ယန်း 535,800 |

*ဤဇယားတွင် 2019 ခုနှစ်အတွက် ကျောင်းလခနှင့် အခြားကျသင့်ငွေများကို ပြသထားသည်။ နှစ်စဉ်အပြောင်းအလဲရှိနိုင်သည်။

## လျှောက်ထားပုံ

ABP အတွက် လျှောက်ထားရာတွင် EJU (ဂျပန်တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ) နှင့် အင်္ဂလိပ်စာ ကျွမ်းကျင်မှု စာမေးပွဲ (TOEFL၊ TOEIC သို့မဟုတ် IELTS) တို့ကို ဖြေဆိုရန်လိုအပ်သည့်အပြင် စိတ်ကြိုက်အနေဖြင့် JLPT (ဂျပန်ဘာသာစကား ကျွမ်းကျင်မှု စာမေးပွဲ)ကို ဖြေဆိုနိုင်ပါသည်။ စာမေးပွဲစစ်ဆေးခြင်းကို သင်နိုင်ငံနှင့် ဂျပန်နိုင်ငံတွင် လုပ်ဆောင်ပါမည်။ ဆိုလိုသည်မှာ လျှောက်ထားမှု လုပ်ဆောင်စဉ်အတွင်း မည်သည့်အချိန်တွင်မျှ ဂျပန်နိုင်ငံသို့ လာရောက်ရန်မလိုပါ။

### ■ EJU ဆိုတာ ဘာလဲ ။

EJU တရားဝင် ဝဘ်ဆိုက် - https://www.jasso.go.jp/en/eju/

EJU ဆိုသည်မှာ "နိုင်ငံတကာ ကျောင်းသားများအတွက် ဂျပန်တက္ကသိုလ် ဝင်ခွင့်စာမေးပွဲ"၏ အတိုကောက်ဖြစ်ပါသည်။
EJU စာမေးပွဲကို အိန္ဒိယနိုင်ငံ (နယူးဒေလီမြို့)၊ အင်ဒိုနီးရှားနိုင်ငံ (ဂျကာတာမြို့နှင့် ဆူရာဘယမြို့)၊ ထိုင်းနိုင်ငံ (ဘန်ကောက်မြို့နှင့် ချင်းမိုင်မြို့)၊ ဗီယက်နမ်နိုင်ငံ (ဟနွိုင်းမြို့နှင့် ဟိုချီမင်းမြို့)၊ မြန်မာနိုင်ငံ (ရန်ကုန်မြို့) နှင့် ဂျပန်နိုင်ငံတို့တွင် နှစ်နှစ်တစ်ကြိမ် လုပ်ဆောင်ပါသည်။ EJU စာမေးပွဲများကို အင်္ဂလိပ်ဘာသာနှင့် ဂျပန်ဘာသာစကားဖြင့် လုပ်ဆောင်ပါသည်။

### ■ ဝင်ခွင့်အတွက် ABP လျှောက်ထားမှု အချိန်စာရင်း

1. ဖေဖော်ဝါရီ- EJU ပထမအကြိမ် စာမေးပွဲဖြေဆိုမှုအတွက် စာရင်းသွင်းပါ
2. ဇွန်လ- ပထမအကြိမ် လုပ်ဆောင်သည့် EJU စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုပါ
3. ဇူလိုင်လ- ဒုတိယအကြိမ် EJU စာမေးပွဲဖြေဆိုမှုအတွက် စာရင်းသွင်းပါ
4. နိုဝင်ဘာ- ဒုတိယအကြိမ် လုပ်ဆောင်သည့် EJU စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုပါ
5. နိုဝင်ဘာ - ဒီဇင်ဘာ - ABP အွန်လိုင်းတွင် လျှောက်ထားခြင်း (EJU အောင်မြင်ကြောင်း အသိအမှတ် ပြုလက်မှတ်များနှင့် အင်္ဂလိပ်စာကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ တင်သွင်းပါ)
6. ဇန်နဝါရီ-ဖေဖော်ဝါရီ- စာရွက်စာတမ်း စစ်ဆေးခြင်း
7. ဖေဖော်ဝါရီ-မတ်- တစ်ဦးချင်း လူတွေ့မေးမြန်းစစ်ဆေးခြင်း
8. အောက်တိုဘာ- ရှိုက္ကာ တက္ကသိုလ်ဝင်ခွင့်

### ■ EJU ဘာသာရပ် စာမေးပွဲ သတ်မှတ်ချက်များ

| အနုပညာနှင့် လူမှုဘာသာရပ် ဌာနများ | သိပ္ပံနှင့် နည်းပညာဌာနများ |
|---|---|
| နိုင်ငံခြား ဘာသာစကားအဖြစ် ဂျပန်ဘာသာ*<br>ဂျပန်နှင့် ကမ္ဘာ့ရေးရာ<br>သင်္ချာ သင်ရိုး 1** | နိုင်ငံခြား ဘာသာစကားအဖြစ် ဂျပန်ဘာသာ*<br>သိပ္ပံဘာသာရပ်***<br>သင်္ချာသင်ရိုး 2 |

### ■ မြန်မာနိုင်ငံရှိ EJU စာရင်းသွင်းမှုရုံး

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်ကျောင်းသားဟောင်းများ အဖွဲ့ (MAJA)
နံပါတ်.2B(4)၊ Snow Garden အိမ်ရာ၊ သုမင်္ဂလာလမ်း၊ နှင်းဆီကုန်း (က) ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်
ဖုန်း- +95-9-262602121၊ +95-9-428612151၊ +95-9-428613848
အီးမေးလ်- maja.ygn@gmail.com
ဝဘ်ဆိုက်- www.ascoja-maja.org.mm

* နိုင်ငံခြား ဘာသာစကားအဖြစ် ဂျပန်ဘာသာ ဘာသာရပ် စစ်ဆေးမှုကို JLPT (ဂျပန်ဘာသာစကား ကျွမ်းကျင်မှု စာမေးပွဲ)နှင့် အစားထိုးနိုင်သည်။
** ပညာရေး မဟာဌာနနှင့် လူမှုရေးနှင့် သတင်းအချက်အလက် ဘာသာရပ်ဌာန (အချက်အလက် စီမံဆောင်ရွက်မှု မဟာဌာန) တို့သည် သင်္ချာသင်ရိုး 1 ကိုဖြစ်စေ 2 ကိုဖြစ်စေ လက်ခံသည်။
*** ဌာနတစ်ခုစီသည် သိပ္ပံဘာသာရပ်သုံးခုအနက် နှစ်ခုကို ရွေးချယ်ရန်လိုသည်။ သိပ္ပံဘာသာရပ် သတ်မှတ်ချက်များအကြောင်း အသေးစိတ်သိရှိရန် ကျွန်ုပ်တို့၏ ဝဘ်ဆိုက်ဖြစ်သော < http://www.abp.icsu.shizuoka.ac.jp/ > တွင် တင်ထားသည့် လျှောက်ထားမှု လမ်းညွှန်ချက်များကို ကြည့်ရှုစစ်ဆေးပါ။

⚠ စာမေးပွဲများ မဖြေဆိုမီ ကျွန်ုပ်တို့၏ ဝဘ်ဆိုက်တွင် တင်ထားသည့် လျှောက်ထားမှု လမ်းညွှန်ချက်များကို အရင်စစ်ဆေးကြည့်ရှုပါ။